# ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်

# FIRST PRIVATE BANK LIMITED

No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.

**TELEPHONE** : 095 1 376 451 ~ 452 / 378 268 ~ 269. 095 1 251 748 ~ 749 / 246 786.
**FAX** : 095 -1- 242 320 / 250 148 / 251 747.
**Website** : www.firstprivatebank.com.mm
**e-mail** : fpbho.ygn@gmail.com; hofirst.private@gmail.com fpbbank@myanmar.com.mm


## ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၂၇)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက် ကြိုတင်အသိပေးကြေညာခြင်း

နေ့စွဲ၊ ၂၀၁၈ခုနှစ်ဇူလိုင်လ(၉)ရက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၂၆)ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက်(၈း၃၀)နာရီ |
| ကျင်းပမည့်နေရာ | - | မြန်မာနိုင်ငံဘဏ်များအသင်း၊ ဇမ္ဗူရစ်ရွှေစင်ခန်းမ |

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးသို့ တက်ရောက်ရမည့်(SecuritiesAccount) ဖွင့်လှစ်ထားသည့်အစုရှင်များ၏ အမည်စာရင်းကိုသတ်မှတ်နိုင်ရန်အတွက် (၂၃-၇-၂၀၁၈)နေ့ ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် ရှယ်ယာအရောင်းအဝယ်ပိတ်သိမ်းချိန်ရှိ အစုရှယ်ယာရှင်များ ၏ စာရင်းကိုရယူမည် ဖြစ်ပါသည်။ရန်ကုန်စတော့အိပ်ချိန်း(YSX)၏ သတ်မှတ်ချက် Record date (၂၆-၇-၂၀၁၈) နေ့စွဲဖြင့် ပေးပို့သည့်အစုရှယ်ယာရှင်အမည်စာရင်းကိုသာ(၂၆-၈-၂၀၁၈)တွင်ကျင်းပမည့်(၂၇)ကြိမ်မြောက်နှစ်ပတ်လည် ထွေထွေ အစည်းအဝေး အတွက် အတည်ပြုမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံးသို့ အစည်းအဝေးဖိတ်စာ၊ အစည်းအဝေးအစီအစဉ်များနှင့် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာများကို အချိန်မီ စာတိုက်မှပေးပို့မည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့

ပထမပုဂ္ဂလိကဘဏ်လီမိတက်

ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်
FIRST PRIVATE BANK LIMITED
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.

TELEPHONE : 095 1 376 451 ~ 452 / 378 268 ~ 269.
095 1 251 748 ~ 749 / 246 786.
FAX : 095 -1- 242 320 / 250 148 / 251 747.
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com; hofirst.private@gmail.com
fpbbank@myanmar.com.mm

နေ့စွဲ၂၀၁၈ခုနှစ်၊ ဇူလိုင်( ၉ )ရက်

# အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက်(၂၇)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၈ခုနှစ် ဩဂုတ်လ(၂၆)ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးကြီးတွင် ဘဏ်၏သင်းဖွဲ့စည်းမျဉ်း အပိုဒ်(၆၅)နှင့်အညီ ဒါရိုက်တာများမှနုတ်ထွက်ပြီးနောက် လစ်လပ်သွားသော ဒါရိုက်တာများနေရာတွင်အစားထိုးပြန်လည်ရွေးချယ်ရမည်ဖြစ်ပါသည်။ ရွေးချယ်ခံမည့်ဒါရိုက်တာအဆိုပြုလွှာလျှောက်လွှာများကို နှစ်ပတ်လည်အထွေထွေအစည်းအဝေးမကျင်းပမီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တစ်လကြိုတင်ပေးပို့ တင်ပြရမည်ဖြစ်ပါသည်။

၂။ Special Account အစုရှယ်ယာရှင်များနှင့်ရန်ကုန်စတော့အိပ်ချိန်း (YSX)တွင်အရောင်းအဝယ် ပြုလုပ်ရန် စာရင်းဖွင့်ထားသူ Securities Account အစုရှယ်ယာရှင်များသည်(၂၃-၇-၂၀၁၈)နေ့(YSX)တွင်အရောင်းအဝယ်ပိတ်သိမ်းချိန်ရှိစာရင်း (YSX record date)(၂၆-၇-၂၀၁၈)နေ့တွင်ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၉၁)အရ အစုရှယ်ယာ (၁၀၀)စုနှင့် အထက်ပိုင်ဆိုင်ထားသူများ အနေနှင့် ဒါရိုက်တာအဖြစ် ဝင်ရောက်အရွေးခံပိုင်ခွင့်ရှိပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည့်ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ အခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)မှ(၈)ထိ တွင်ဖော်ပြထားသည့် အရည်အချင်းများနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ (ပူးတွဲ)

၄။ ဒါရိုက်တာဖြစ်အရွေးခံလိုပါက ရန်ကုန်စတော့အိတ်ချိန်း **website https://ysx-mm.com** နှင့် ပထမပုဂ္ဂလိကဘဏ် **website www.firstprivatebank.com.mm**နှင့် Internet facebook **"First Private Bank"** တို့တွင် လျှောက်လွှာများကို ရယူနိုင်ပါသည်။လျှောက်လွှာများကို **(၂၀-၇-၂၀၁၈)** နေ့နောက်ဆုံးထား၍ ပထမပုဂ္ဂလိကဘဏ်လီမိတက်၊ အမှတ်-၆၁၉/၆၂၁၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းဒေါင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်၍ ပေးပို့ပါရန် အသိပေးအပ်ပါသည်။

၅။ ထပ်မံသိရှိစုံစမ်းမေးမြန်းလိုပါက အမှုဆောင်အရာရှိချုပ်၊ ဖုန်းအမှတ်-၀၁-၃၇၆၄၅၂ နှင့် ရှယ်ယာဌာန ၀၉-၇၃၂၅၀၄၁၆ ၀၁- ၂၅၁၇၄၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်

ပူးတွဲ

ဒါရိုက်တာအဖြစ်အရွေးချယ်ခံရန် အဆိုပြုသူများအား မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)မှ(၈)အရ ရာထူးတာဝန်နှင့်သင့်မြတ်လျော်ကန်သူ ဟုတ်/မဟုတ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

(၁) ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာကဏ္ဍတစ်ခုခုတွင် ပညာအရည်အချင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အရည်အချင်းများ သို့မဟုတ် ထိရောက်သည့် အတွေ့အကြုံများ၊

(၂) အဆိုပါပုဂ္ဂိုလ်သည် လိမ်လည်လှည့်ဖျားမှု၊ မရိုးမဖြောင့်မှု သို့မဟုတ် အခြားမလျော်မကန်မှုပြုမှုကြောင်း ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်းပြည်ပတွင် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်း တစ်ခုခုက ဖြစ်စေ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခံရခြင်း၊

(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေး စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရခြင်း ရှိ/မရှိ၊

(၄) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ၊ လူမွဲစာရင်းခံရသူအဖြစ် ကြေညာခံရခြင်း ရှိ/မရှိ၊

(၅) အဆိုပါပုဂ္ဂိုလ်သည် ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ၊ တရားရုံးတစ်ခုခု၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ ဟုတ်/မဟုတ်၊

(၆) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခုကသော်လည်းကောင်း၊ နိုင်ငံတော်တွင်အစိုးရ ဆေးဘုတ်အဖွဲ့ကသော်လည်းကောင်း၊ စိတ်မနှံ့သူဖြစ်သည်ဟုကြေညာထားခြင်းခံရသူ ဟုတ်/မဟုတ်၊

(၇) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲခြင်း၊ စည်းမျဉ်းအရ အရေးယူခြင်း ကြောင့်သော်လည်းကောင်း၊ ဗဟိုဘဏ်ကသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ်ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးရပ်ဆိုင်းခြင်းခံရသူ ဟုတ်/မဟုတ်၊

(၈) အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတော်တွင်ဖြစ်စေ၊ အရပ်ဒေသတစ်ခုခုတွင်ဖြစ်စေ လိုင်စင်အား ခေတ္တရပ်စဲခြင်း သို့မဟုတ် ရပ်စဲခြင်းခံထားရသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ အဓိကအစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်တစ်ဦး ဟုတ်/မဟုတ်၊

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

(၂၇)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင်
ဒါရိုက်တာအဖြစ်အရွေးခံရန်လျှောက်ထားသူ၏
ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ အမည် ----------------------------------------------

၂။ အဘအမည် ----------------------------------------------

၃။ လူမျိုး/ဘာသာ ----------------------------------------------

၄။ မွေးသက္ကရာဇ်/အသက် ----------------------------------------------

၅။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ----------------------------------------------

၆။ ပညာအရည်အချင်း ----------------------------------------------

၇။ လက်ရှိအလုပ်အကိုင် ----------------------------------------------

၈။ ဇနီး/ခင်ပွန်းအမည် ----------------------------------------------

၉။ ဇနီး/ခင်ပွန်း အလုပ်အကိုင် ----------------------------------------------

၁၀။ ဆက်သွယ်ရန်အမြဲတမ်းနေရပ်လိပ်စာနှင့်ဖုန်းနံပါတ် ----------------------------------------------
----------------------------------------------

၁၁။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း(မရှိပါက မရှိကြောင်းဖော်ပြရန်) ----------------------------------------------

(က) လုပ်ငန်းအမည် ----------------------------------------------

(ခ) ရာထူး ----------------------------------------------

(ဂ) လုပ်ငန်းတည်ရှိရာလိပ်စာနှင့်ဖုန်းနံပါတ် ----------------------------------------------

၁၂။ ဘဏ်(သို့မဟုတ်)အဖွဲ့အစည်းတစ်ခုတွင်တာဝန်ထမ်းဆောင်ဖူးပါက

(က) ဘဏ်/အဖွဲ့အစည်းအမည် ----------------------------------------------

(ခ) အမြင့်ဆုံးတာဝန်ထမ်းဆောင်ခဲ့သောရာထူး/လုပ်သက် ----------------------------------------------

၁၃။ တရားမဝင်သောနည်းလမ်းမှရရှိသည့်ငွေကြေးခဝါချမှု
ကင်းရှင်းကြောင်း ကိုယ်တိုင်ကတိခံဝန်ချက် ----------------------------------------------

၁၄။ ဝယ်ယူထားသည့်အစုအရေအတွက်နှင့်ရှယ်ယာနံပါတ်
(သို့မဟုတ်) ID နံပါတ် ----------------------------------------------

လက်မှတ် ------------------------------

အမည် ------------------------------

မှတ်ချက်- (၁) ရှေ့နေဖြစ်ပါက တရားရုံး၏ခွင့်ပြုချက်ကိုပါ ပူးတွဲတင်ပြရန်။

(၂) ဒါရိုက်တာအဖြစ်ဝင်ရောက်အရွေးခံလိုပါကဤလျှောက်လွှာကို <u>(၂၀-၇-၂၀၁၈)နေ့</u> ထက်နောက်မကျဘဲ ပထမပုဂ္ဂလိကဘဏ်(ရုံးချုပ်)အမှတ်(၆၁၉/၆၂၁)ကုန်သည်လမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းဒေါင့်၊ပန်းဘဲတန်းမြို့နယ် သို့ လူကိုယ်တိုင်လာရောက်ပေးပို့ရပါမည်။

**အထူးပန်ကြားချက်-** **<u>ဒါရိုက်တာအဖြစ်အရွေးခံလိုပါက (၂၃-၇-၂၀၁၈)နေ့တွင် အနည်းဆုံးအစုရှယ်ယာ(၁၀၀)စု ပိုင်ဆိုင်ထားရန်လိုအပ်ပါသည်။</u>**